# လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းမှ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ လူထုအသိပညာပေးအိတ်ဆောင်စာအုပ်





- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းဆိုသည်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းမှ အတင်းအကြပ်နေရပ်စွန့်ခွာခြင်းခံရသူ သို့မဟုတ် နိုင်ငံမဲ့သူအား အမှန်တကယ်ကျူးလွန်ခြင်း သို့မဟုတ် ကျူးလွန်ရန်အားထုတ်ခြင်းကို ဆိုလိုပါသည်။ အဆိုပါ အတင်းအကြပ် နေရပ်စွန့်ခွာခြင်းခံရသူ သို့မဟုတ် နိုင်ငံမဲ့သူသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာဝန်ထမ်းအပေါ် မှီခိုအားထားခြင်း၊ သူ/သူမအား ယုံကြည်ခြင်း၊ အထောက်အပံ့ပစ္စည်းများဖြစ်သော စားနပ်ရိက္ခာ၊ ကျောင်းအပ်နှံရေး၊ စာအုပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ခရီးစရိတ် နှင့် အခြားဝန်ဆောင်မှုများရရှိနိုင်ရန် မျှော်ကိုးခြင်းများရှိတတ်ပါသည်။ အထောက်အပံ့ပစ္စည်းများနှင့် ကာမလဲလှယ်ရယူခြင်း၊ ကာမရယူရန်အတင်းအကြပ် ပြုလုပ်ခြင်းများနှင့် အခြားဝန်ဆောင်မှုနှင့် ကာမလဲလှယ်ခြင်းများသည် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း နှင့် အလွဲသုံးစားပြုခြင်းနှင့် ဆိုင်သော ဥပမာများဖြစ်ကြပါသည်။



- UNHCR နှင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် ဝန်ဆောင်မှုဖြင့်လဲလှယ်ခြင်း၊ စားသောက်ဖွယ်ရာ သို့မဟုတ် ငွေသားဖြင့် ကာမလဲလှယ်ရယူခြင်းတို့ကို ပြင်းပြင်းထန်ထန် တားမြစ်သည်။ အခြားနည်းဖြင့် အရှက်တကွဲဖြစ်စေခြင်းနှင့် နှိမ့်ချခြင်း အပြုအမူများကိုလည်း တားမြစ်သည်။



- UNHCR နှင့် မိတ်ဖက်အဖွဲ့အစည်းများ နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများမှ ထောက်ပံ့သော အကူအညီနှင့်ဝန်ဆောင်မှုများ (ပစ္စည်း သို့မဟုတ်ငွေသား) သည် အခမဲ့ဖြစ်ပြီး၊ သင့်ထံမှ မည်သည့်အခါမျှ ကူညီထောက်ပံ့မှုနှင့် ဝန်ဆောင်မှုပေးခြင်းကို အခြေခံ၍ ငွေသားတောင်းခံခြင်း သို့မဟုတ် အခြားအကူအညီတစ်ခုခုတောင်းခံခြင်းလုံးဝမပြုလုပ်ရပါ။




- အကယ်၍ UNHCR နှင့် ၎င်း၏မိတ်ဖက်အဖွဲ့အစည်းများ ဝန်ထမ်းတစ်ဦးဦးမှ သင်ရရှိသော အထောက်အပံ့အတွက် အကူအညီတစ်ခုခုတောင်းလာပါက ချက်ချင်းတိုင်ကြားပါ။ ထိခိုက်ခံစားရသူအားလုံးအား ခေါင်းပုံဖြတ်ခြင်းနှင့် အနိုင်ကျင့်ခြင်းမှအကာအကွယ်ပေးရန် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏တာဝန်ဖြစ်သည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးဝန်ထမ်းများသည် သင်တို့ အားလုံးအား ဂုဏ်သိက္ခာ ရှိစွာဖြင့် ဆက်ဆံရပါမည်။



- UNHCR နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့ အစည်းများ၊ ကုလသမဂ္ဂ နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း နှင့် အလွဲသုံးစားခြင်းကို လုံးဝသည်းခံခွင့်လွှတ်ခြင်းမပြုပါ။



- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားခြင်းသည် လက်ခံနိုင်ဖွယ်ကိစ္စမဟုတ်ဘဲ ခံစားရသူအား ဆိုးရွားစွာထိခိုက်နစ်နာစေသည်။



- ကျွန်ုပ်တို့၏တာဝန်မှာ သင့်အားနားထောင်ပေးရန် ဖြစ်ပြီး၊ ကျွန်ုပ်တို့ အတည်ပြုလိုသည်မှာ သင် သို့မဟုတ် အခြားသူအား ထိခိုက်စေခြင်း၊ ဆိုးရွားစွာဆက်ဆံခြင်းကို တိုင်ကြားရန်မှာ သင်၏အခွင့်အရေးဖြစ်ပါသည်။






■ အနိုင်ကျင့်စော်ကားမှုတစ်စုံတစ်ရာအား တိုင်ကြားရန် UNHCR မှ တိုက်တွန်းပါသည်။ သင်ကြုံတွေ့ရသော မည်သည့်အဖြစ်အပျက်မဆို တိုင်ကြားပါ။



- တစ်စုံတစ်ဦးက ဖော်ပြပါကိစ္စရပ်တစ်ခုခုအား မြင်သည်ဖြစ်စေ၊ ကိုယ်တိုင်ခံစားသည်ဖြစ်စေ လွတ်လပ်စွာတိုင်ကြားပါ။ တိုင်ကြားခြင်းဖြင့် ဤကိစ္စများပပျောက်နိုင်ရန် ကူညီနိုင်သည်။




- UNHCR သို့မဟုတ် NGO ဝန်ထမ်းများ နှင့် တိုက်ရိုက်ဆက်သွယ် တိုင်ကြားပါ။
- UNHCRမြန်မာရုံးများရှိအရေးပေါ်ဆက်သွယ်ရန်ဖုန်းနံပါတ်များကိုလည်းဆက်သွယ် တိုင်ကြားနိုင်ပါသည်။

- ရန်ကုန်ရုံး - +၉၅ (၀) ၉ ၄၅၀ ၀၆၅ ၉၆၄
- ရခိုင်ပြည်နယ် (မောင်တောရုံး) - +၉၅ (၀) ၉ ၈၈၀ ၈၇၆ ၈၈၀
- ရခိုင်ပြည်နယ် (စစ်တွေရုံး) - +၉၅ (၀) ၉ ၈၈၀ ၈၇၆ ၈၃၈
- အရှေ့တောင်ပိုင်း (ဘားအံရုံး) - +၉၅ (၀) ၉ ၄၄၂ ၆၃၈ ၅၄၉
- အနောက်မြောက်ပိုင်း (စစ်ကိုင်း၊ မကွေး နှင့် မန္တလေး) - +၉၅ (၀) ၉ ၈၈၀ ၈၉၄ ၇၀၁
- အရှေ့မြောက်ပိုင်း (မြစ်ကြီးနား) - +၉၅ (၀) ၉ ၈၉၄ ၉၇၃ ၉၉၅
- အရှေ့မြောက်ပိုင်း (ဗန်းမော်) - +၉၅ (၀) ၉ ၈၈၀ ၈၇၆ ၈၂၇
- ရှမ်းမြောက်ပိုင်း - +၉၅ (၀) ၉ ၈၈၀ ၈၇၆ ၈၁၄
- ရှမ်းတောင်ပိုင်း (တောင်ကြီး) - ၉၅ (၀) ၉ ၈၈၀ ၈၇၆ ၈၁၂

- အောက်ပါ အွန်လိုင်းပုံစံဖြင့်လည်း UNHCR မြန်မာရုံးသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်။

❖ UNHCR မြန်မာရုံးသို့ အွန်လိုင်းပုံစံဖြင့်တိုင်ကြားရန် ပုံစံ https://help.unhcr.org/myanmar/my/suggestion-complaints/

- IGO ရုံးသို့ အွန်လိုင်းပုံစံဖြင့် တိုက်ရိုက်တိုင်ကြားရန် အောက်ပါကွန်ရက်မှတဆင့်တိုင်ကြားပါ။

❖ အွန်လိုင်းမှတစ်ဆင့်တိုက်ရိုက်တိုင်ကြားရန်ပုံစံ https://www.unhcr.org/about-unhcr/governance-and-oversight/inspector-generals-office-igo/reporting-misconduct/igo-online

- သင်သည် အကယ်၍တိုင်ကြားပါက UNHCR သည် သင်၏တိုင်ကြားမှုကို လျှို့ဝှက်ထားပြီး ဆက်လက်လုပ်ဆောင်သင့်သည်များကို အရေးတယူဆောင်ရွက်သွားမည်။ အမည်မသိ တိုင်ကြားမှုကိုလည်းပြုလုပ်နိုင်ပါသည်။ မတော်မတရားပြုခြင်းနှင့် ပတ်သက်၍ တိုင်ကြားနိုင်ရန် အောက်ဖော်ပြပါ ကွန်ရက်တွင် အသေးစိတ် လေ့လာနိုင်ပါသည်။

❖ https://help.unhcr.org/myanmar/my/



- ကျွန်ုပ်တို့သည် သင်၏အသံကိုနားထောင်ပြီး လိုအပ်သလို အရေးတယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။ UNHCR မြန်မာရုံးအနေဖြင့် အတင်းအကြပ်နေရပ်စွန့်ခွာခြင်းခံရသူ ၊ နိုင်ငံမဲ့သူနှင့် ဒေသခံပြည်သူများအား လိုအပ်သည့်အကူအညီ နှင့် အရေးပေါ်အကူအညီများ ထောက်ပံ့လျက်ရှိပါသည်။

ဤအိတ်ဆောင်စာအုပ်တွင် ဖော်ပြထားသော အချက်အလက်များသည် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားခြင်းမှ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သရုပ်ဖော်ရန်ရည်ရွယ်ပါသည်။ ဤအိတ်ဆောင် စာအုပ်ပါအကြောင်းအရာများနှင့်အချက်အလက်များကို UNHCR မှ ထုတ်ဝေပြီး၊ ကိုယ်ရေးကိုယ်တာ နှင့် ကိုယ်ပိုင်စီးပွားရေးမဟုတ်သည့်ကိစ္စအတွက် ထုတ်ဝေခြင်းဖြစ်ပြီး၊ ပြန်လည်ရောင်းချခြင်း သို့မဟုတ် ပြန်လည် ဖြန့်ဝေခြင်း သို့မဟုတ် စုစည်းခြင်း သို့မဟုတ် အိတ်ဆောင်စာအုပ်မှ ဆင်းသက်သော အခြားအကြောင်းအရာများ ဖန်တီးခြင်းများကိုတားမြစ်သည်။ စာအုပ်ကို ကိုယ်ရေး ကိုယ်တာအတွက် အသုံးပြုခြင်း သို့မဟုတ် ပညာပေး အဖြစ်အသုံးပြုခြင်းမှလွဲ၍ စာအုပ်မှ အကြောင်းအရာများကို ဘာသာပြန်ခြင်း အပါအဝင် ပြန်လည်ထုတ်ဝေ လိုပါက UNHCR မှ စာရွက်စာတမ်းဖြင့် ကြိုတင်ခွင့်ပြုချက် ရယူရန်လိုအပ်ပါသည်။

UNHCR
The UN Refugee Agency